# e-NEWSLETTER

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

VOL.3, N0.12
December 2024

## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် တက်ရောက်ခြင်း






နိုဝင်ဘာလ ၂၀ ရက်

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တီမောလက်စ်တေလူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်ကာ ဒီလီမြို့တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ hybrid ပုံစံဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး အရာထမ်းတို့က Online Platform မှ တစ်ဆင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များက In person ပါဝင် တက်ရောက်ခဲ့ကြပါသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၄ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ Mr. Virgilio da Silva Guterres က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး

## သတင်းအညွှန်း



နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်နှင့် ရန်ကုန်) တို့၌ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၂၊ ၃၊ ၄


ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၅၊ ၇


နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ
စာ ၅၊ ၇


ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မိဘမဲ့ဂေဟာများအား ကြည့်ရှုစစ်ဆေးခြင်း
စာ ၆


အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) အား ကြည့်ရှုစစ်ဆေးခြင်း
စာ ၈


တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ
စာ ၉


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဆင့်မြင့်ဆွေးနွေးပွဲကျင်းပပြုလုပ်
စာ ၁၀


ပဥ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း
စာ ၁၁


အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာအုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရေးအစီအစဉ်သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း
စာ ၁၃

ကော်မရှင်များ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါဦးစားပေးကိစ္စရပ် (၅) ရပ်နှင့်စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ဖိုရမ်၏ Rules of Procedure (RoP) ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ အကျဉ်းသားများ လွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ မလေးရှား နိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ထိုင်ဝမ် အမျိုးသားလူ့အခွင့်အရေးကော်မရှင်က Right Con ခေါင်းစဉ်ဖြင့် ကျင်းပမည့် ဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်းဆိုင်ရာကိစ္စရပ်၊ သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့် မလေးရှားနိုင်ငံ၊ Sabah ပြည်နယ်ရှိ နိုင်ငံမဲ့ဖြစ်နေသူများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) နှင့် ညှင်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့ (APT) တို့နှင့် ဖိုရမ်တို့ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဖိုရမ်၏နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဖိုရမ်၏ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလ အတွင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက်များနှင့်တိုးတက်ဖြစ်ထွန်းမှုများကိုဆွေးနွေးခဲ့ပါသည်။ ထို့နောက်ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက (SEANF) ၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၂-၂၀၂၆) ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၅ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို အင်ဒိုနီးရှား နိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဖိုရမ်၏ဆက်စပ် ဆွေးနွေးပွဲကို "အရှေ့တောင်အာရှဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များနှင့် အတွေ့အကြုံများ မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ တီမောလက်စ်တေနိုင်ငံသမ္မတ H.E. Dr. Jose' Ramos-Horta တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲအကြောင်းအရာနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာတင်မောင်မောင်သန်းက ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ၌ သင်ခန်းစာသွားရောက်ပို့ချ




နိုဝင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန



(နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills-BDS) အမှတ်စဉ် (၄၆/၂၀၂၄) သို့ ၁၄-၁၁-၂၀၂၄ ရက်နေ့၊ နံနက် ၀၇:၀၀ နာရီမှ ၀၈:၅၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း ဘာသာရပ် သင်ခန်းစာကို သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းဖြစ်ပေါ်လာပုံနှင့် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ လက်တွေ့အကောင်အထည်ဖော်နေမှုများစသည့် ဘာသာရပ်များကို ဆက်စပ်ရှင်းလင်းပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသူ/သားဦးရေ ၁၁၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှသိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ၌ သင်ခန်းစာသွားရောက်ပို့ချ






နိုဝင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော အရာထမ်းငယ်များအတွက် သံတမန်ရေးရာ သင်တန်း (Course in Diplomacy- CID) အမှတ်စဉ် (၈/၂၀၂၄) သို့ ၁၄-၁၁-၂၀၂၄ ရက်နေ့၊ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အကြောင်း ဘာသာရပ် သင်ခန်းစာကို သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းဖြစ်ပေါ်လာပုံနှင့် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကော်မရှင်၏ လက်တွေ့အကောင်အထည်ဖော်နေမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား ကော်မရှင်မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေမှုများ စသည့် ဘာသာရပ်များကို ဆက်စပ်ရှင်းလင်းပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသူ/သားဦးရေ ၃၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှသိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ သင်ခန်းစာသွားရောက်ပို့ချ






နိုဝင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ ဖွင့်လှစ်လျက်ရှိသော အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills–BDS) အမှတ်စဉ် (၄၆/၂၀၂၄) သို့ ၂၉-၁၁-၂၀၂၄ ရက်နေ့၊ နံနက် ၀၇:၀၀ နာရီမှ ၀၈:၅၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း ဘာသာရပ်သင်ခန်းစာကို သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင် ဥပဒေပြဋ္ဌာန်းဖြစ်ပေါ်လာပုံနှင့် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ လက်တွေ့အကောင်အထည်ဖော်နေမှုများ စသည့် ဘာသာရပ်များကို ဆက်စပ်ရှင်းလင်းပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသူ/သားဦးရေ ၁၀၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



နိုဝင်ဘာလ ၆ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၂၄)ကို ၆-၁၁-၂၀၂၄ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့်အလှည့်ကျကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အထူးဖိတ်ကြားထားသည့်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်နုနုယဉ်နှင့် ဦးကျော်မြင့်တို့မှလည်း အဆိုပါ အစည်းအဝေးအား တက်ရောက်ခဲ့ကြပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

နိုဝင်ဘာလ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးသူရကျော်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး)တွင် ဖွင့်လှစ်လျက်ရှိသောအမှုစစ်(အရာရှိ)သင်တန်းအမှတ်စဉ် (၈၁/၂၀၂၄) ၌ ၇-၁၁-၂၀၂၄ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၂၅၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

နိုဝင်ဘာလ ၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၇) သို့ ၇-၁၁-၂၀၂၄ ရက်နေ့၊ ၀၈:၀၀ နာရီ အချိန်မှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာ သွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စုစုပေါင်း ဆရာ၊ ဆရာမ ဦးရေ ၃၉၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်လာသူများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မိဘမဲ့ဂေဟာများအား ကြည့်ရှုစစ်ဆေးခြင်း





နို၀င်ဘာလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၇-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ်ပရဟိတ မိဘမဲ့ကျောင်းသို့လည်းကောင်း၊ ၈-၁၁-၂၀၂၄ ရက်နေ့တွင် လယ်ဝေးမြို့နယ်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်) သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် ကလေးများအား ကျား/ မ ခွဲခြားပြီး ဂေဟာရှိ အိပ်ဆောင်များအလိုက်ထားရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်မှုအခြေအနေများနှင့်ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေ၊ ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှု မရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း



နို၀င်ဘာလ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှညွှန်ကြားရေးမှူးချုပ်ဦးဘုန်းကြွယ်သည်၈-၁၁-၂၀၂၄ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများလေလွင့်မှုမရှိစေရေး၊ကော်မရှင်ရုံးအတွင်းအဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦအမှတ် (၂)၊ (၂) ထပ်ဆောင်နှင့် ဌာန (၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





နိုဝင်ဘာလ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၅) သို့ ၁၃-၁၁-၂၀၂၄ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်အကြောင်း စသည့် ဘာသာရပ်များပို့ချခဲ့ပါသည်။ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၅) ၌ စုစုပေါင်း သင်တန်းသားဦးရေ ၄၀ ဦးတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိ လိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

နိုဝင်ဘာလ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်း



အမှတ်စဉ် (၁၉/၂၀၂၄) ဖြင့် ၁၃-၁၁-၂၀၂၄ ရက်နေ့တွင် ၀၇:၃၀နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေးဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) အား ကြည့်ရှုစစ်ဆေးခြင်း





နိုဝင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှုအခြေအနေ၊ အမျိုးသမီးတကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ မရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ ဘဝလုံခြုံရေးနှင့် အသက် မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ စာတတ်မြောက်မှု မရှိသူများအတွက် အခြေခံ အရေး၊ အဖတ်၊ အတွက် သင်ကြားပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လက်ခံစောင့်ရှောက်ဆောင်ရွက်ပေးခြင်းစသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့နှင့် ကော်မရှင်မှ ယခင် လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ



နိုဝင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၉) သို့ ၂၀-၁၁-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးကကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကြီး (၉) ခုအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၅၉) ၌ သင်တန်းသားဦးရေ ၅၇ ဦး တက်ရောက်ခဲ့ကြပါသည်။

## (၃၅) နှစ်မြောက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားသို့ တက်ရောက်ခြင်း

နိုဝင်ဘာလ ၂၀ ရက်

၂၀-၁၁-၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် "(၃၅) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနား"သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (2) Zero Hunger

ပန်းတိုင် (၂) ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အဟာရ ပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး။

## (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကျင်းပရေး ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပခြင်း



နိုဝင်ဘာလ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ၂၁-၁၁-၂၀၂၄ ရက်နေ့၊ ၁၄:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကျင်းပရေးညှိနှိုင်း အစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ ဦးဆောင် ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ဦးဆောင်ကော်မတီဒုတိယ ဥက္ကဋ္ဌက အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး လုပ်ငန်းအဖွဲ့များအလိုက် ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို တင်ပြဆွေးနွေးကြပြီး ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်း ညွှန်မှာကြားပါသည်။

ထို့နောက် ၇၆ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်း အဝေးကို ၁၆:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဆင့်မြင့်ဆွေးနွေးပွဲကျင်းပပြုလုပ်



နိုဝင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်ဆွေးနွေးပွဲတစ်ရပ်ကို ၂၁-၁၁-၂၀၂၄ ရက်နေ့နှင့် ၂၂-၁၁-၂၀၂၄ ရက်နေ့များတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ကော်မရှင်အဖွဲ့ဝင်များ၊ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းနှင့် သက်ဆိုင်သော လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များနှင့် ကော်မရှင်ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရာတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ၂၂-၁၁-၂၀၂၄ ရက်နေ့၊ ၁၂:၃၀ နာရီအချိန်တွင် ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

## ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား (5th ASEAN Ministerial Meeting on Women – 5th AMMW and Related Meetings) သို့ တက်ရောက်ခြင်း



နိုဝင်ဘာလ ၂၆ ရက်

၂၆-၁၁-၂၀၂၄ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၊ M.Gallery Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် “ပဉ္စမအကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား (5th ASEAN Ministerial Meeting on Women – 5th AMMW and Related Meetings)” သို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

## သဝဏ်လွှာနှင့်မိန့်ခွန်းများ ပြုစုရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

နိုဝင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ သဝဏ်လွှာနှင့် မိန့်ခွန်းများ ပြုစုရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေး အစီအစဉ်အရ သဝဏ်လွှာနှင့် မိန့်ခွန်းများပြုစုရေးအဖွဲ့၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က အဖွင့်အမှာ စကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက အကြံပြု ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၁၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



နိုဝင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၄) ကို ၂၇-၁၁ -၂၀၂၄ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေးခြင်း

နိုဝင်ဘာလ ၂၆ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၆-၁၁-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ်ပေါ်ဆန်း (၅၂) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၇၀၀၀ ကျပ်နှုန်း) ၊ ဧည့်မထ (၇၉) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၁၆၀၀၀ ကျပ်နှုန်း) တို့အား ဝယ်ယူ၍လည်းကောင်း၊ ၂၉-၁၁-၂၀၂၄ ရက်နေ့တွင် စားသုံးဆီ (၁၁၂) ပိဿာအား တစ်ပိဿာလျှင် ၇၇၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့ပါသည်။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



နိုဝင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေ စာရင်းများ ရေးဆွဲတင်ပြနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို၂၉-၁၁-၂၀၂၄ရက်နေ့၁၄:၃၀ နာရီ အချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလှည့်ကျ အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး နှင့် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



နိုဝင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၁၁/၂၀၂၄) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ၁၄:၀၀ နာရီ အချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/အမှုထမ်းများကယင်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်းအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၇၉ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေး အစီအစဉ်သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း

နိုဝင်ဘာလ ၁၆ ရက်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၁၁-၁၁-၂၀၂၄ ရက်နေ့မှ ၁၆-၁၁-၂၀၂၄ ရက်နေ့အထိ၊ (၆) ရက်ကြာ ကျင်းပသော "လူ့အခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှု စွမ်းရည်မြှင့်တင်ရေးအစီအစဉ်"သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဒေါ်နှင်းဝေလွင်၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်မို့မို့အောင်နှင့် ဦးကောင်းခန့်ဇင်တို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစီအစဉ်သို့ ဂျော်ဒန်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊မွန်ဂိုလီးယားနိုင်ငံ၊မြန်မာနိုင်ငံ၊နီပေါနိုင်ငံ၊ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ Mr. Bharat Lal က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစီအစဉ် ပထမနေ့ဖြစ်သည့် ၁၁-၁၁-၂၀၂၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊ လုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ မူဘောင်ကိစ္စရပ်များ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ဒီမိုကရေစီဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးမူဘောင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ပိုင်ခွင့်၊ လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များ ဆိုင်ရာ ကိစ္စရပ်များ အားလည်းကောင်း၊ ၁၂-၁၁-၂၀၂၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့အစည်းမူဘောင်များ၊ တိုင်တန်းချက်များ စီမံခန့်ခွဲခြင်းနှင့် လူ့အခွင့် အရေး ချိုးဖောက်မှုများအပေါ် ပြန်လည် ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေဖြင့် အပြည်ပြည်ဆိုင်ရာမိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ သုတေသနပြုလုပ်မှု၊ သင်တန်းများပို့ချမှု၊ ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုနှင့် ချဉ်းကပ်မှုဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း ဆွေးနွေးပို့ချခဲ့ပါသည်။

၁၃-၁၁-၂၀၂၄ ရက်နေ့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံမှုနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ ၁၄-၁၁-၂၀၂၄ ရက်နေ့တွင် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးကိစ္စရပ်များ၊ လူ့အခွင့်အရေး ရေရှည်တည်တံ့ရေးကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံ၏ လူ့အခွင့်အရေး တိုးတက်ဖြစ်ထွန်းမှုဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ပိုင်းရှိ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊၁၅-၁၁-၂၀၂၄ ရက်နေ့တွင် အရည်အသွေးပြည့်မီပြီး လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး ကိစ္စရပ်များ၊ ထိခိုက်လွယ်အုပ်စုများနှင့် ဖယ်ကျဉ်ခံအုပ်စုများအား အထူးအလေးပေး ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များ၊ ပေါ်ပေါက်လာသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ အလေ့အကျင့်ကောင်းများ မျှဝေခြင်း ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ အစီအစဉ်သို့ တက်ရောက်လာကြသူများမှ သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြပါသည်။



အစီအစဉ်ကို ၁၅-၁၁-၂၀၂၄ ရက်နေ့၊ အိန္ဒိယနိုင်ငံ စံတော်ချိန် ညနေ ၁၆:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။ ၁၆-၁၁-၂၀၂၄ ရက်နေ့တွင် ကိုယ်စားလှယ်အဖွဲ့သည် Agra မြို့ရှိ Taj Mahal သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း (၄) ဦးသည် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ၁၇-၁၁-၂၀၂၄ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

---

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း တိုင်တန်းချက် (၇) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၂) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၅) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

*****

# ENGLISH SECTION

Vol.3 No.12, December 2024

## Delegation from Myanmar National Human Rights Commission Attends 21st Annual Conference and Side Event of Southeast Asian National Human Rights Institutions Forum (SEANF)

November 20

The 21st Annual Conference and Side Event of the Southeast Asian National Human Rights Institutions Forum (SEANF) was held via hybrid mode in Dili, Timor-Leste, from 18 to 20 November 2024, under the lead of the Human Rights Commission of Timor-Leste, as a rotating Chair. The conference was attended by U Paw Lwin Sein, Chairperson of the Myanmar National Human Rights Commission, Commissioner Dr. Than Myint, Commissioner Dr. Tin Maung Maung Than and Senior staff of the office of MNHRC via an online platform. Representatives from the Human Rights Commissions of Indonesia, Malaysia, the Philippines, Thailand, and Timor-Leste, attended in person.

The Annual Conference was opened by Mr. Virgilio da Silva Guterres, Chairperson of the Human Rights Commission of Timor-Leste who is rotating Chair of the SEANF for 2024.

The Conference discussed the major developments and activities of the Forum's member National Human Rights Institutions in promoting and protecting human rights since the 20th Annual Conference of SEANF, the matter included the implementation of the five priority areas outlined in the SEANF Strategic Plan (2022-2026), proposed amendments to the Forum's Rules of Procedure (RoP), activities by the Malaysian Human Rights Commission related to the international transfer of prisoners (ITOP), invitation to the "RightCon" conference by Taiwan National Human Rights Commission, the rights of older persons and stateless persons in Sabah, Malaysia, and cooperative efforts between SEANF, the Asia-Pacific Forum of National Human Rights Institutions (APF), and Association of the Prevention of Torture (APT).

At the Conference, U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission, presented the updates on the Commission's activities and major developments in promoting and protecting human rights since the 20th Annual Conference. Dr. Khine Khine Win, Deputy Director General of the Commission Office, provided details on the Commission's implementation of human rights in business activities, which is Priority No. 2 of the SEANF Strategic Plan (2022-2026).

At the Conference, the Human Rights Commission of Timor-Leste handed over the Forum's rotating chairmanship for 2025 to the National Human Rights Commission of Indonesia.

On 20 November, the Forum held a side event entitled "International Seminar on Economic, Social and Cultural Rights (ESCR) in Southeast Asia's Border (Sharing Best Practice and Cases". The event featured an opening speech by H.E. Dr. Jose Ramos-Horta, President of Timor-Leste.

The event was attended by the Chairpersons, Vice-Chairpersons, and members of the National Human Rights Commissions that are part of the Forum, along with representatives from Timor-Leste's Ministry of Foreign Affairs, civil society organizations, and experts in the field. Dr. Tin Maung Maung Than, a Commissioner of the Myanmar National Human Rights Commission, participated in discussions on the event's topics.

## MNHRC Gives Lectures at Ministry of Foreign Affairs (Nay Pyi Taw)

November 14

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission gave lectures at the Certificate Course in Basic Diplomatic Skills–BDS No. (46/2024) which commenced at the Ministry of Foreign Affairs (Nay Pyi Taw) on 14 November 2024 from 07:00 to 08:50. The Chairman focused on the Formation of Myanmar National Human Rights Commission, Statutory Appearance of the Myanmar National Human Rights Commission Law, and its duties and responsibilities. The lecturer responded to inquiries from the trainees. A total of 114 trainees attended the aforementioned course.

## MNHRC Gives Lectures at Ministry of Foreign Affairs (Nay Pyi Taw)

November 14

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is encouraging to raise public awareness of human rights by disseminating information and educating the public as much as possible. U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission gave lectures at the Course in Diplomacy– CID No. (8/2024) hosted by the Ministry of Foreign Affairs (Nay Pyi Taw) on 14 November 2024 from from 13:00 to 15:50. The Chairman addressed the lectures on the Formation of Myanmar National Human Rights Commission, Statutory Appearance of the Myanmar National Human Rights Commission Law, and its duties and responsibilities, and human rights violations issues dealt by MNHRC. The lecturer was followed by the question and answer section. A total of 30 trainees attended the course mentioned above.

## MNHRC Gives Lectures at Ministry of Foreign Affairs (Yangon)

November 29

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is encouraging to raise public awareness of human rights by disseminating information and educating the public as much as possible. U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission gave lectures at the Certificate Course in Basic Diplomatic Skills–BDS No. (46/2024) held at the Ministry of Foreign Affairs (Yangon) on 29 November 2024 from 07:00 to 08:50. The Chairman presented the lectures on the Formation of Myanmar National Human Rights Commission, Statutory Appearance of the Myanmar National Human Rights Commission Law, and its duties and responsibilities. The lecturer responded to inquiries from the trainees. A total of 102 trainees attended the aforementioned course.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

November 7

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Thu Ya Kyaw, Director of the Commission Office gave the lectures on human rights at the Investigation Officer Training Course No. (81/2024), hosted by the Police Officer Tactical Training Institute (Mandalay) on 7 November 2024 from 7:30 to 9:50. In this context, the Director presented the lectures on Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. The lecturer responded to their inquiries during the interactive session. A total of 252 officers attended the aforementioned course.

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

November 7

Myanmar National Human Rights Commission is gearing up to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

Daw Mi Mi Khaing, the Deputy Director of the Commission office, gave the lecture on Child Rights at the Special Refresher Course for Basic Education Teachers No. (107) held at the Civil Service Academy (Lower Myanmar) on 7 November 2024 from 08:00 to 11:50. The lecturer was followed by the question and answer section. A total of 391 teachers from the Department of Basic Education (DBE) attended the course mentioned above.

## The Myanmar National Human Rights Commission, commissioner U Kyaw Myint inspects Orphanages

November 8

The inspection team, led by Commissioner U Kyaw Myint from the Myanmar National Human Rights Commission (MNHRC), inspected Yellow Generation Wave (YGW) Orphanage in Pobbathiri Township on 7 November 2023 and Great Charity Youth Development Park (Sa Ma Taung) in Lewe Township on 8 November 2024 in the Nay Pyi Taw Council Territory.

The inspection team inspected the Yellow Generation Wave (YGW) Orphanage and Great Charity Youth Development Park (Sa Ma Taung) in accordance with the MNHRC Law and procedures whether the children who in the Centers can get fundamental rights including adequate dormitories depend on gender, healthcare services, food supply, supporting of accessories, provision of purified drinking water, support programme for physical and mental development, as well as the right to education and vocational trainings.

MNHRC will send recommendations to the relevant department on the findings during the inspection.

## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

November 13

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Dr. Than Myint and Dr. Tin Maung Maung Than, the Commissioners, gave lectures on human rights at the Mangement Course for Senior Level Officials (No.25) which commenced at the Civil Service Academy (Lower Myanmar) on 13 November 2024 from 8:00 to 15:50. In this regard, Commissioner Dr. Than Myint delivered the lectures on Concept of Human Rights, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities. Commissioner Dr. Tin Maung Maung Than gave the lectures on State Obligation and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). Following the lectures, the lecturers accepted the questions from the trainees. A total of 40 Directors from the Management Course for Senior Level Officials (No.25) attended the course mentioned above.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

November 13

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. U Zaw Lwin Htoo, Director of the Commission Office gave the lectures on human rights at the Criminal Records Officer Course (No.19/2024), held at the Police Officer Tactical Training Institute (Mandalay) on 13 November 2024 from 7:30 to 9:50. In this context, the Director covered subjects such as Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. The lecturer then responded to the trainee's questions. A total of 100 officers attended the aforementioned course.

## The Myanmar National Human Rights Commission inspects Center For Women Care and Development (CWCD)

November 19

On November 19, 2024, the inspection team, led by U Kyaw Soe, U Tin Aung and U Than Win, Commissioners of the Myanmar National Human Rights Commission (MNHRC), inspected the Center for Women Care and Development (CWCD), Twante Township, Yangon Region.

The inspection team inspected Women Care and Development Department in accordance with the MNHRC's law and proceduers weather the women who are detained in the center can get fundamental rights including health care services, food supply, adequate dormitories, provision of purified drinking water, support programme for physical and mental development, life safety and right to learn vocational trainings, basic importance for those who are illiterate read, teaching, right to communicate with their families, right to

reintegration, and right to freedom of religion, sustaining social life, incorporating mental strength, receiving care and also inspected the implemention on the recommendation of MNHRC during the previous inspection.

MNHRC will send recommentations to the relevant depantment on the findings during the inspection.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

November 20

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office gave lectures on human rights Via Video Conferencing System to participants of the Battalion Commander Training Course No. (59) hosted by the Myanmar Army Combat Force School (Bayintnaung) on 20 November 2024 from 7:40 to 10:40. In this regard, Dr. Than Myint presented the lecture on Concept of Human Rights and U Zaw Lwin Htoo addressed the Universal Declaration of Human Rights, Nine Core International Human Rights Conventions, Organization and Functions of Myanmar National Human Rights Commission. A total of 57 participants attended the course mentioned above.

## Conducting High Level Dialogue at the Myanmar National Human Rights Commission

November 22

The Myanmar National Human Rights Commission, in accordance with the provisions of Section 22 (a) of the Commission Law, aims to raise public awareness of human rights by conducting human rights awareness talks, workshops, lectures, and distributing books and information. A high level dialogue was held at Myanmar National Human Rights Commission in order to boost the Commission's capacity and activity on 21-11-2024 and 22-11-2024.

On account of this, the opening ceremony of the dialogue was attended by the Commission Chairperson, Vice-Chairperson, Commissioners, Director General, Deputy Director General, and Directors. Then, the Commission Chairperson U Paw Lwin Sein discussed the human rights subjects related to the promotion and protection of human rights by the Myanmar National Human Rights Commission and the issues related to the work of the Commission Office, and the Vice Chairperson, Commission members, and the Director General of the Commission Office participated in the discussion mentioned above. The dialogue was successfully concluded at 12:30 PM on 22-11-2024.

## The delegation from the Myanmar National Human Rights Commission attended the Executive Capacity Building Programme on Human Rights held in India

November 16

The Assistant Directors of the Myanmar National Human Rights Commission, Daw Hnin Wai Lwin, Daw Tin Tin Khaing, Daw Moht Moht Aung, and U Kaung Khant Zin, participated in the "Executive Capacity Building

Programme on Human Rights" held in New Delhi, India, from November 11 to 16, 2024.

The programme was attended by the representatives from the National Human Rights Commissions of Jordan, Maldives, Mongolia, Myanmar, Nepal, Philippines, Sri Lanka and Thailand, totaling (34) participants. At the opening ceremony, Mr. Bharat Lal, Secretary General of the National Human Rights Commission of India, delivered the opening remarks.

On the first day of the programme, 11–11–2024, discussions focused on key topics including the UN human rights mechanisms, processes and human rights framework, democratic practices related to free and fair elections, issues related to the human rights framework and the Sustainable Development Goals (SDGs), the mandate, functioning and voice of hope of the National Human Rights Commission of India. And on 12–11–2024, delved into the institutional framework for the protection of human rights in India, complaint management and redressal processes of human rights violations, international collaborations of the National Human Rights Commission, and its initiatives in research, training, outreach, and advocacy on human rights.

On 13–11–2024, focused on topics such as investigation, spot inquiry and reporting of human rights violations, cyber security and human rights issues, and collaboration with civil society organizations (CSOs), international non–governmental organizations (INGOs), and human rights defenders (HRDs) for the promotion and protection of human rights were discussed. And on 14–11–2024, discussions centered around cultural rights and socio–economic development, human rights sustainability, evolution of human rights in Indian jurisprudence, and India's cooperation with partners in the Global South. The fifth day, addressed access to quality and accessible healthcare, special emphasis on the protection of vulnerable and marginalized groups. Participants also exchanged good practices and insights on emerging human rights issues. Throughout the programme, participants engaged actively, sharing perspectives and raising questions to deepen understanding.

The programme concluded on 15–11–2024, at 16:00 PM (India Standard Time). On 16–11–2024, the delegation visited the Taj Mahal in Agra. Following the event, the four officials from the Myanmar National Human Rights Commission returned to Yangon on 17–11–2024 via Myanmar Airways International.

## Status of Handling Complaints

For the November 2024, MNHRC received 7 Complaints on the violations addressed to the Commission. The complaint investigation team held complaint screening meetings for examining the total of 7 complaints. 2 cases were referred to the relevant departments and 5 cases which were not within the competence of the Commission were put on record in accordance with the section 37(b) and 32(c) of MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

| **နေပြည်တော် (ရုံးခွဲ)** | **မန္တလေး(ရုံးခွဲ)** | **စစ်တွေ (ရုံးခွဲ)** | **ပုသိမ် (ရုံးခွဲ)** |
|---|---|---|---|
| သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။<br>ဖုန်း- ၀၆၇၃၄၃၂၅၉၅ | ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း- ၀၉၅၃၄၃၆၅၀ | ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။<br>ဖုန်း- ၀၉၄၂၅၈၆၀၀၀၈ | အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။<br>ဖုန်း- ၀၄၂၂၉၃၂၇ |

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm